*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ရွေးကောက်ပွဲ၊ ပယ်မဲ၊ ခိုင်လုံမဲနှင့် ဥပဒေ

မောင်စာဂ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကြီးသည်ကား ရောက်ရှိလာပေပြီ။ မဲဆန္ဒရှင်များ မိမိတို့နှင့်သက်ဆိုင်ရာ မဲရုံအသီးသီးသို့ သွားရောက်၍ ဆန္ဒမဲပေးကြရတော့မည်။ မိမိတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ထောက်ခံ၍ ဆန္ဒပြုကြရတော့မည်။ ဆန္ဒမဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်လိုက်ပါသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသည့်အခါ မိမိတို့ဆန္ဒပြုလိုက်သော ဆန္ဒမဲသည် ခိုင်လုံဆန္ဒမဲဖြစ်စေရေး အရေးကြီးသည်။ ပယ်မဲဖြစ်မသွားရအောင် အထူးသတိထားကြရမည်။ သို့ဖြစ်ရာ မည်သည့်အခါတွင် ပယ်မဲဖြစ်သည်။ မည်သည့်အခါတွင် ခိုင်လုံမဲဖြစ်သည်ကို သေသေချာချာ သိရှိထားကြဖို့ လိုအပ်ကြသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲဥပဒေအရ မည်သို့သော ဆန္ဒမဲလက်မှတ်မျိုးသည် ပယ်မဲ သို့မဟုတ် ခိုင်လုံမဲအဖြစ် သတ်မှတ်ထားသလဲ။ ပယ်မဲဆိုသည်မှာအဘယ်နည်း။ ခိုင်လုံမဲဆိုသည်မှာအဘယ်နည်း။ နမူနာပုံစံများကို ယခုရက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှ မပြတ်ထုတ်လွှင့်ပေးနေပါသည်။

## ပယ်မဲနှင့် ခိုင်လုံမဲသတ်မှတ်ချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲရုံတွင် ဆန္ဒမဲပေးသော ဆန္ဒမဲလက်မှတ်များအနက် မည်သည့်ဆန္ဒမဲလက်မှတ်မျိုးသည် ပယ်မဲဖြစ်သည်။ မည်သည့် ဆန္ဒမဲလက်မှတ်မျိုးက ခိုင်လုံမဲဖြစ်သည်ကို နမူနာပုံစံများဖော်ပြလျက် သတ်မှတ်ထုတ်ပြန်ထားရှိပါသည်။ အဆိုပါသတ်မှတ်ချက်နှင့် နမူနာပုံစံများကို ရှင်းလင်းဖော်ပြပါမည်။ ယင်းနမူနာပုံစံများကို သေသေချာချာ လေ့လာပါက မဲလက်မှတ်ပေါ်တွင် မိမိတို့က အမှန်အမှတ်အသားပါသော တံဆိပ်တုံးကို ထုနှိပ်၍ ဆန္ဒပြုသည့်အခါ ခိုင်လုံသောဆန္ဒမဲဖြစ်အောင် ဆန္ဒပြုနိုင်ကြပါမည်။ သေသေချာချာကြည့်ရှု လေ့လာကြဖို့လိုပါသည်။

> "ပယ်မဲနမူနာပုံစံများ၊ ခိုင်လုံမဲနမူနာပုံစံများကို မဲဆန္ဒရှင်များသာမက မဲရုံတွင် တာဝန်ထမ်းဆောင်ကြရသည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကပါ သေသေချာချာ သိရှိထားကြရန်လို…"

## ပယ်မဲအဖြစ်သတ်မှတ်ခြင်း

မဲရုံသို့လာရောက်ဆန္ဒမဲပေးသော ဆန္ဒမဲလက်မှတ်များနှင့်စပ်လျဉ်း၍ ပယ်မဲအဖြစ်သတ်မှတ်ထားသည်မှာ ရွေးကောက်ပွဲကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊ မဲရုံမှူးလက်မှတ်မပါသော ဆန္ဒမဲလက်မှတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊ အတုဖြစ်နေသည့် ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊ ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊ ကော်မရှင်ကပယ်မဲအဖြစ် သတ်မှတ်၍ ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်တို့သည် ပယ်မဲများဖြစ်ကြောင်း သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်။

## ခိုင်လုံမဲအဖြစ်သတ်မှတ်ခြင်း

မဲဆန္ဒရှင်တစ်ဦး ဆန္ဒပြုခဲ့သော ဆန္ဒမဲလက်မှတ်သည် ပယ်မဲအဖြစ်မှ သတ်မှတ်ထားသောအချက်များနှင့် လွတ်ကင်းမည်။ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းအတွက်သာ ဆန္ဒပြုထားကြောင်း ထင်ထင်ရှားရှား တွေ့မြင်ရမည်။ ဤသို့သောအနေအထားများ တွေ့မြင်ရသည့်အခါ ယင်းဆန္ဒမဲကို ခိုင်လုံမဲအဖြစ် သတ်မှတ်ပါသည်။

## မဲရုံအဖွဲ့ဝင်များကပါသိရှိကြရပါမည်

ယခုဖော်ပြနေသော နမူနာပုံစံများသည် မဲရုံတွင် ဆန္ဒပြုသော မဲလက်မှတ်များနှင့်သာ သက်ဆိုင်ပါသည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒပြုခြင်းနှင့် မသက်ဆိုင်ပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒပြုလျှင် ဆန္ဒမဲလက်မှတ်ပေါ်တွင် တံဆိပ်တုံးမနှိပ်ရပါ။ ဘောပင်ဖြင့် အမှန်အမှတ်အသား ( ✔ ) ခြစ်၍ ဆန္ဒပြုရပါမည်။ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မဲရုံးမှူးလက်မှတ် မပါပါ။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကရယူသော မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်ပါက မဲလက်မှတ်၏ကျောဘက်တွင် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ တံဆိပ်တုံး ရိုက်နှိပ်ထားသည်။ တာဝန်ရှိသူလက်မှတ်ရေးထိုးထားသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကရယူသော မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်ပါက မဲလက်မှတ်၏ ကျောဘက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ တံဆိပ်တုံး ရိုက်နှိပ်ထားသည်။ တာဝန်ရှိသူ လက်မှတ်ရေးထိုးသည်။

ဖော်ပြပါ ပယ်မဲနမူနာပုံစံများ၊ ခိုင်လုံမဲနမူနာပုံစံများကို မဲဆန္ဒရှင်များသာမက မဲရုံတွင် တာဝန်ထမ်းဆောင်ကြရသည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကပါ သေသေချာချာ သိရှိထားကြရန် လိုအပ်ပါသည်။ ထိုသို့ သိရှိထားကြမှသာလျှင် ဆန္ဒမဲပေးခြင်း ပြီးဆုံး၍ ဆန္ဒမဲလက်မှတ်များ ရေတွက်သည့်အခါ ခိုင်လုံမဲ၊ ပယ်မဲကို မှန်မှန်ကန်ကန် ခွဲခြားရေတွက်နိုင်ကြမည်ဖြစ်သည်။ မဲဆန္ဒရှင်များ၏ ဆန္ဒအမှန်ကို ထုတ်ဖော်ကြေညာပေးနိုင်မည်ဖြစ်သည်။

ဤသို့ဆိုလျှင် ပယ်မဲဖြစ်ခြင်း၊ ခိုင်လုံမဲဖြစ်ခြင်းဟူသည် ရွေးကောက်ပွဲတစ်ခုလုံး၏ အဓိကဗဟိုချက်မတစ်ခုဖြစ်သည်ကို သိရှိနိုင်ကြမည်ဖြစ်ကြောင်းပါ။

**မဲဆန္ဒရှင်များပေးသော ဆန္ဒမဲမှန်သမျှ ခိုင်လုံမဲများ ဖြစ်ကြပါစေ၊**

**မဲရုံတာဝန်ရှိသူများက ခိုင်လုံမဲ၊ ပယ်မဲ မှန်မှန်ကန်ကန် ရွေးချယ်တတ်ကြပါစေ၊**

**မဲဆန္ဒရှင်များ၏ ဆန္ဒအစစ်အမှန် ထုတ်ဖော်ကြေညာနိုင်ကြပါစေ။**